“နိုင်ငံခြားသားယူနန်သို့ရောက်ရှိ”

# ယူနန်ကြောင့်ကျွန်တော်တို့နိုင်ငံတကာမိတ်ဆွေအသိုင်းအဝိုင်းကိုရရှိ

ဖမ်ဘီယာမှ ရောက်ရှိလာသော အာဖရိကအမျိုးသား ယောဟန်သည် ပြေပြစ်သော တရုတ်ဘာသာစကားကို ပြောဆိုတတ်သည်။ တရုတ်နိုင်ငံရှေးခေတ်ပညာရှင်ကြီးကွန်ဖြူးရှပ်ဖြစ်စေ ဝမ်ဖုန်၊ မာယွမ်စသည့် ခေတ်သစ်နာမည်ကျော်သူဖြစ်စေ၊ သူတို့၏ သတင်းများကို သိကျွမ်းသည်။ ဇန်နဝါရီလ (၁၄)ရက်နေ့တွင် ဟန်ဘာသာစကားဖော်နက် အသံထွက်စနစ်၏ဖခင်ဟု ခေါ်တွင်ခြင်းခံရသော ဘာသာစကားပညာရှင် ကျိုးယိုကွမ်ကွယ်လွန်သည့်အခါတွင် ယောဟန်ကသူ၏ wechat moment ထဲတွင် စာတစ်ကြောင်းတင်ပါသည်- “တရုတ်ရိုးရာယဉ်ကျေးမှုသည် အလွန်နက်ရှိုင်းလှပေသည်။ တရုတ်ဟန့်ဘာသာစကားကြိုက်နှစ်သက်သောနိုင်ငံခြားသားများအတွက် တရုတ်နိုင်ငံလောကကြီးကို သိရှိနားလည်သောအခွင့်အရေးတစ်ရပ်ပေးအပ်သည့်အတွက်အလွန်ပင် ကျေးဇူးတင်ရှိပါသည်။”

# “၂၀၁၆ ခုနှစ်သည် ရလဒ်အများအပြား ရရှိသောနှစ်တစ်နှစ်ဖြစ်သည်”

“၂၀၁၆ခုနှစ်သည် ရလဒ်အများအပြားရရှိသောနှစ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်သည် Chinese bridge နိုင်ငံခြားသားတရုတ်ဘာသာစကားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ကျွန်တော်သည် ပေကျင်းမြို့သို့သွားရောက်ပြီး ဗိုလ်လုပွဲသို့တက်ရောက်ရန် ရွေးချယ်ခြင်းခံရသည်။ နောက်ဆုံးတွင် ကျွန်တော်တို့ လူသုံးဦးပါအဖွဲ့သည် တစ်ကမ္ဘာလုံးကိုယ်စားလှယ် အဖွဲ့(၁၂)ဖွဲ့များမှ ထူးချွန်စွာဖြင့် အဖွဲ့လိုက်ပထမဆုကို ရယူနိုင်ခဲ့သည်။ ဖေဖော်ဝါရီလ(၂၈)ရက်နေ့ တွင် သတင်းထောက်၏ မေးမြန်းခြင်းကို ဖြေကြားစဉ်က တရုတ်ယဉ်ကျေးမှုကို ကြိုက်နှစ်သက်သော ဖမ်ဘီယာကောင်လေးယောဟန်က စိတ်ထဲတွင် ဂုဏ်ယူဝမ်းသာစွာဖြင့် ဖြေကြားခဲ့ပါသည်။

ကူမင်းမြို့မှချိန်တူမြို့၊ နောက်တွင် ပေကျင်းမြို့အထိယောဟန်သည် ပြေပြစ်သော တရုတ်ဘာသာစကားနှင့် အများထက် သာလွန်သော ဂီတကျွမ်းကျင်မှုဖြင့် တရုတ်ဘာသာစကားပြိုင်ပွဲတွင် အောင်မြင်မှုများဆက်တိုက်ရရှိခဲ့သည်။ ချိန်တူမြို့ဆန်ခါတင်ပွဲတွင် ယောဟန်သည် 《ဒီထက်မြင့်အောင် ပျံသန်းမည်》 သီချင်းဖြင့် ပရိသတ်အားလုံးကိုဆွဲဆောင်မှုပေးပြီး ထိပ်ဆုံး(၁၀)ယောက်ပြိုင်ပွဲထဲသို့ဝင်ရောက်ခဲ့သည်။ ပေကျင်းမြို့ဗိုလ်လုပွဲအနုပညာပြသခြင်း အစီအစဉ်တွင် ယောဟန်သည် တိဗက်တိုင်းရင်းသားရိုးရာဝတ်စုံကိုဝတ်ဆင်ပြီး လက်နှစ်ဖက်ဖြင့်ဖြူဖွေးသော ဟာတာပုဝါကို ကိုင်ဆောင်ကာ တိုင်းရင်းသားသီချင်း 《မြင်းများပြေးနေသော တောင်ပေါ်တွင်》 သီချင်းသီဆိုခြင်းဖြင့် အမှတ်မြင့်ကိုရရှိခဲ့သည်။ နောက်တွင် အခြားနိုင်ငံခြားသား ယှဉ်ပြိုင်သူအဖွဲ့ဝင်နှစ်ဦးနှင့် ပူးပေါင်းယှဉ်ပြိုင်ကာ ပထမဆုရရှိရန် အတွက် အခြေခိုင်စေပါသည်။

# ယူနန်သို့ရောက်ရှိလာခြင်းသည် တရုတ်စာဆရာ၏ စကားတစ်ခွန်းကြောင့်ဖြစ်သည်

ယောဟန်သည်၂၀၁၃ခုနှစ် နိုဝင်ဘာလတွင် ယူနန်သို့ရောက်ရှိခဲ့သည်။ ထိုအချိန်တွင်သူသည် တရုတ်နိုင်ငံတော်ဟန်ပန့် (နိုင်ငံတကာတရုတ်ဘာသာပြန့်ပွားရေးဌာန)မှ ထောက်ပံ့ပေးသော ပညာသင်ဆုကိုရရှိပြီး တရုတ်နိုင်ငံတွင် ဟန့်(တရုတ်)ဘာသာစကား တစ်နှစ်လေ့လာသင်ယူခွင့်ရရှိခဲ့သည်။ ယူနန်ကိုရွေးချယ်လိုက်သည်မှာ တရုတ်စာသင်ကြားပေးသည့်ဆရာ၏ စကားတစ်ခွန်းကြောင့် သာဖြစ်သည်။ “ယူနန်ပြည်နယ်၏ရာသီဥတုသည် အလွန်ကောင်းမွန်သည်။ ရုံးစိုက်မြို့ဖြစ်သော ကူမင်းမြို့သည် တစ်နှစ်ပတ်လုံးသာယာလှပေသည်။ ပန်းမန်များစွာပွင့်လန်းလို့နေပါသည်။ သင်ကြိုက်နှစ်သက်လိမ့်မည်ထင်သည်။ “ယူနန်သို့ရောက်ရှိပြီးနောက်ယောဟန်သည် အနောက်တောင်ဘက်သစ်တောရေးရာတက္ကသိုလ်တွင် တစ်နှစ်တာသင်ကြားပေးသော ဟန့်(တရုတ်)ဘာသာစကားသင်တန်းသို့တက်ရောက်ခဲ့သည်။ နဂိုတုန်းက ယောဟန်သည် တေးဂီတပညာကိုလေ့လာသင်ယူသူဖြစ်သည်။ ပွင့်လင်းသော၊ ပျော်တတ်သော၊ ဘဝရည်မှန်းချက်များစွာရှိသော အာဖရိကယောကျ်ားလေးဖြစ်ပါသည်။ အဆိုပါတစ်နှစ်အချိန်ကာလအတွင်းတွင် ယောဟန်သည် ဟန့်(တရုတ်)ဘာသာစကားကို လေ့လာသင်ယူသည်သာမက ကျောင်းအတွင်းတွင် တေးဂီတဖျော်ဖြေပွဲများစွာကိုလည်း တတ်ရောက်ခဲ့ပါသည်။ သူ့ကိုလူအိုရုံ၊ မူကြိုကျောင်းများ စသည်တို့ကလည်း ဖျော်ဖြေပွဲများပြုလုပ်ပေးရန် ဖိတ်ခေါ်တတ်သည်။ အချိန်တိုအတွင်း ကူမင်းမြို့၏ နေထိုင်မှုဘဝနှင့်နေသားကျသွားသည်။ ကူမင်းမိတ်ဆွေသူငယ်ချင်းများစွာကိုလည်းပေါင်းသင်းရရှိသွားပါသည်။

# ယူနန်၏မိတ်ဆွေလေးများနှင့် မခွဲချင်ပါ

တေးဂီတဖျော်ဖြေ တင်ဆက်မှုများ ကျင်းပနေချိန်တွင် ယောဟန်သည် ဂီတာတီးသမားတစ်ဦးအနေဖြင့် ပါဝင်တင်ဆက်သည်။ တခါတရံတွင် သူသည် အာဖရိက ဆင်ခြေဗုံတီးသူအဖြစ် ပါဝင်တင်ဆက်သည်။ စန္ဒယားနှင့်အကော်ဒီယန်တီးခြင်းကိုလည်း ကျွမ်းကျင်သည်။ လူအင်အားမလုံလောက်သည့် အချိန်မျိုးတွင် သူသည်မိမိကိုယ်တစ်ဦးတည်းတီးမှုတ်ပြီးသီချင်းသီဆိုနိုင်သည်။ မည်ကဲ့သို့သောပုံစံမျိုးဖြင့်ဖျော်ဖြေသည်ဖြစ်စေသူ၏ဖျော်ဖြေတင်ဆက်မှုသည် အားသွန်ခွန်စိုက်ဖြစ်ပြီးယူနန် တက္ကသိုလ်တွင် ပရိသတ်များစွာကို ဆွဲဆောင်နိုင်ခဲ့သည်။ သူသည် အနောက်တောင်ဘက်သစ်တောရေးရာတက္ကသိုလ်တွင် ပညာဆည်းပူးခွင့်သည် ပြီးဆုံးသွားပြီဖြစ်သော်လည်း တစ်နှစ်တစ်ကြိမ်ကျောင်းသားသစ်လွင်မောင်မယ်ကြိုဆိုပွဲတွင် ယောဟန်သည် အမိကျောင်း၏ဖိတ်ခေါ်မှုဖြင့် ကျောင်းသို့သွားရောက်ပြီး ဖျော်ဖြေတင်ဆက်မှုများပြုလုပ်ပါသည်။

လတ်တလောအချိန်ပိုင်းတွင် ယောဟန်သည် မိမိ၏စီးရီးခွေထုတ်နိုင်ရန် ပြင်ဆင်ကြိုးပမ်းနေပါသည်။ မိမိတီထွင်ဖန်တီးသော တေးဂီတများကို ယူနန်ပရိသတ် မိတ်ဆွေများအား မျှဝေပေးချင်ပါသည်။ ထို့ကြောင့်အချိန်များစွာအသုံးပြုပြီး အနောက်တောင်ဘက်သစ်တောရေးရာတက္ကသိုလ်အတွင်းရှိ အလုပ်ခန်းထဲတွင် တေးဂီတဖန်တီးမှုများပြုလုပ်သည်။ သူသည်ထိုကဲ့သို့ပြောပြသည်။

“ကျွန်တော်သည် အနောက်တောင်ဘက်သစ်တောရေးရာတက္ကသိုလ်ကို မခွဲခွာချင်သေးပါ။ ထို့ကြောင့် ကျောင်းအတွင်းတွင် စတူဒီယိုအခန်းတည်ထောင်ရန်ရွေးချယ်သည်။ အနောက်တောင်ဘက်သစ်တောရေးရာတက္ကသိုလ်မှ မိတ်ဆွေသူငယ်ချင်းများနှင့် အတူနေထိုင်ရခြင်းသည် အလွန်ပျော်စရာကောင်းလှပါပေသည်။”

ယောဟန်၏ ယူနန်နေထိုင်မှုဘဝသည် သူ၏တေးဂီတအနုပညာဘဝအတွက် ပိုမိုကျယ်ပြန့်သောဇာတ်စင်ကြီးသဖွယ်ဖြစ်လာစေသည်။ သူ၏ဟန့်(တရုတ်)ဘာသာစကား အရည်အချင်းသည် လျင်မြန်စွာ တိုးတက်လာစေသည်။ သူ၏ မိတ်ဆွေသူငယ်ချင်းအသိုင်းအဝိုင်းကိုလည်း ပိုမိုကျယ်ပြန့်လာစေသည်။ နိုင်ငံခြားမိတ်ဆွေအပေါင်းအသင်းများလည်း ရရှိစေသည်။

သတင်းထောက် ဝမ်စီရှင်

“ပေါက်ဖော်ချစ်ကြည်ရေး”

# ဆေးကုသမှုကိရိယာများကိုယူနန်ပြည်သူ့ကူညီပံ့ပိုးမှုအသင်းမှ မြန်မာနိုင်ငံမူဆယ်သို့ပေးအပ်ပံ့ပိုးခြင်းဖြင့် တရုတ်မြန်မာပြည်သူ့ဆက်ဆံရေးကိုမြင့်တင်

လတ်တလော ရက်ပိုင်းအတွင်းတွင် ယူနန်ပြည်နယ်အပြည်ပြည်ဆိုင်ရာပြည်သူ့အဖွဲ့အစည်း ကူညီပံ့ပိုးမှုအဖွဲ့ (အောက်တွင်-ယူနန်ပြည်သူ့ကူညီပံ့ပိုးမှုအသင်း-ဟုဖော်ပြထားသည်။) ထံမှ ရရှိသောသတင်းအရ အဆိုပါကူညီပံ့ပိုးမှုအသင်းသည် လတ်တလောရက်ပိုင်းအတွင်း မြန်မာနိုင်ငံမူဆယ်ကျေးရွာဒေသများသို့ တန်ဖိုးငွေတရုတ်ယွမ်ငွေသန်းပေါင်း(၁. ၅၉၁၁)ရှိသော ဆေးကုသမှုကိရိယာကို ပေးအပ်ပံ့ပိုးခဲ့ပြီး တရုတ်-မြန်မာနှစ်နိုင်ငံ ပြည်သူ့ဆက်ဆံရေးကို မြင့်တင်အောင် ဆောင်ရွက်ခဲ့သည်။

စုံစမ်းမေးမြန်းခြင်းအရသိရသည်မှာ- ယူနန်ကူညီပံ့ပိုးမှုအသင်းသည် ယူနန်နှင့်မြန်မာနိုင်ငံအကြား ပြည်သူ့ဆက်ဆံရေး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို အထူးဂရုစိုက်နေပြီးမြန်မာနိုင်ငံမူဆယ်ဒေသ၏ ဆေးကုသမှုအခြေအနေကို မြင့်တင်လာအောင်၊ ဒေသခံအမျိုးသမီးကလေးငယ်များ၏ ကျန်းမာရေးအခြေအနေ တိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီပံ့ပိုးပေးသည်။ ယူနန်ပြည်သူ့ကူညီပံ့ပိုးမှုအသင်းမှ ငွေကြေးများထောက်ပံ့ကာ မြန်မာနိုင်ငံမူဆယ်ကျန်းမာရေးဌာနများနှင့် ယူနန်တယ်ဟုန်ပြည်နယ်ခွဲရွှေလီမြို့ အမျိုးသမီးကလေးငယ်ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးမှုစင်တာနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့သည်။ မြန်မာနိုင်ငံမူဆယ်ကျေးရွာဒေသကျန်းမာရေး ကူညီထောက်ပံ့မှုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခုအချိန်ထိတိုင် အဆိုပါစီမံကိန်းသည် မြန်မာနိုင်ငံမူဆယ်ဆေးကုသရေးအဖွဲ့ အရည်အသွေးမြင့်တင်ရေးသင်တန်း(၄)ကြိမ်၊ တရုတ်မြန်မာဆေးကုသမှုပညာရှင်များ ဖလှယ်ရေးအစီအစဉ်(၂)ကြိမ်၊ မြန်မာနိုင်ငံမူဆယ်မြို့အထက်(၁)မှကလေးငယ် (၈၀၀)ကျော်အတွက် တစ်နှစ်တာအာဟာရ ထမင်းစရိတ်များကို ထောက်ပံ့ပေးအပ်ပြီးဖြစ်သည်။




အဆိုပါကူညီထောက်ပံ့မှုတွင် ယူနန်ပြည်သူ့ကူညီပံ့ပိုးမှုအသင်းမှ မြန်မာနိုင်ငံမူဆယ်ဒေသအတွက် တန်ဖိုးငွေတရုတ်ယွမ်ငွေသန်းပေါင်း (၁. ၅၉၁၁) ယွမ်ရှိသောဆေးကုသရေးဆိုင်ရာ စက်ကိရိယာ(၃၃)ခုကို ပေးအပ်လှူဒါန်းခဲ့သည်။ အဆိုပါစက်များသည် အမျိုးသမီးရောဂါရှာဖွေစစ်ဆေးရေး၊ ခွဲစိတ်ကုသမှုဆိုင်ရာစက်ကိရိယာ၊ မွေးကင်းစကလေးငယ်သူနာပြုစုကိရိယာများ၊ ဒီဂျစ်တယ်အစ်စရေးရိုက်စနစ် စသည်တို့ပါဝင်သည်။